AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ် သင်တန်း

# ငွေကြေး


လွယ်ကူစွာ ဖတ်ရှုစရာ



စီးပွားရေးဆိုသည်မှာ ဩစတြေးလျားက ထုတ်လုပ်ပြီး အသုံးပြုသော ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် ငွေတို့၏ စုစုပေါင်း ပမာဏဖြစ်သည်။




ဩစတြေးလျားတွင် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ရှိသည်။




၎င်း၏အဓိပ္ပာယ်မှာ ကုန်စည်များ နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ပေးကြသူများက ဈေးနှုန်းကို ဆုံးဖြတ်သတ်မှတ်ကြသည်။



ဩစတြေးလျားတွင် ကျွမ်းကျင်အလုပ်သမား အင်အားထုရှိသည်။



ဆိုလိုသည်မှာ အလုပ်ရှိကြသူများ၌ သူတို့လုပ်ကိုင်သည့် အလုပ်များနှင့် ပတ်သက်ပြီး အထူးကျွမ်းကျင်မှုများနှင့် အသိပညာများရှိကြသည်။




ဩစတြေးလျား စီးပွားရေးစနစ်အား ဆက်လက်လည်ပတ်လှုပ်ရှားနေစေရန်အတွက် ဩစတြေးလျားက လိုအပ်သော အရေးကြီးသည့် စက်မှုလက်မှုလုပ်ငန်းများမှာ၊

- သတ္တုတွင်းလုပ်ငန်း



- စိုက်ပျိုးမွေးမြူရေးလုပ်ငန်း



- ထုတ်ကုန်များအား ထုတ်လုပ်သော ထုတ်လုပ်ရေးလုပ်ငန်း




- ဝန်ဆောင်မှု လုပ်ငန်းများတို့ဖြစ်သည်

## ဩစတြေးလျား ငွေ




ဩစတြေးလျား ဒေါ်လာသည် ဩစတြေးလျားနိုင်ငံသုံးငွေဖြစ်သည်။



သင့် နိုင်ငံသုံး ငွေကို ဩစတြေးလျား ဒေါ်လာအဖြစ် လဲလှယ်နိုင်သည့်နေရာများမှာ၊

- လေဆိပ်



- ငွေလဲလှယ်ရေးဌာန




- များတို့ဖြစ်သည် ဘဏ်အများစု




ငွေလဲလှယ်ရာ၌ သင်၏ နိုင်ငံကူးလက်မှတ် သို့မဟုတ် ခရီးသွားလက်မှတ်ကို ပြသရန် လိုအပ်နိုင်ဖွယ်ရှိမည်။

# ပေးငွေများ နှင့် ဝန်ဆောင်မှုများ




သင် ဩစတြေးလျားသို့ ပထမဆုံးအကြိမ် ရောက်လာပြီးနောက် သင်သည် စင်တာလင့်ခ် (Centerlink) ရုံးသို့ အောက်ပါသောသူများနှင့်အတူ သွားရလိမ့်မည်

- အမှုတွဲလုပ်သား



- သင့်အား အဆိုပြုသူ တို့ဖြစ်သည်




၎င်းတို့က အောက်ပါတို့အတွက် သင့်အား ကူညီ၍ အမည်စာရင်းသွင်းပေးပါလိမ့်မည်

- သင့်အား ကူညီရန်အတွက် အစိုးရထံမှ ဝင်ငွေထောက်ပံ့ကြေး ပေးငွေများ
- သင် အသုံးပြုနိုင်ကောင်းပြုနိုင်ရာ အခြားဝန်ဆောင်မှုများတို့ဖြစ်သည်





သင် စင်တာလင့်ခ်အား ပေးရန်လိုအပ်လိမ့်မည်တို့မှာ၊

- နိုင်ငံကူးလက်မှတ် သို့မဟုတ် ခရီးသွားလက်မှတ်များကဲ့သို့သော သင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံ အထောက်အထား




- ဘဏ်စာရင်း အသေးစိတ်တို့ဖြစ်သည်




စင်တာလင့်ခ်သည် ပေးငွေများအား သင့် ဘဏ်စာရင်းထဲသို့ တိုက်ရိုက်ထည့်သွင်းပေးသည်

သင် အလုပ်ရရှိသောအခါတွင် သင့် အလုပ်ရှင်ကလည်း ပေးငွေများအား သင့် ဘဏ်စာရင်းထဲသို့ တိုက်ရိုက် ထည့်သွင်းပေးပါလိမ့်မည်

## ဘဏ်လုပ်ငန်း




သင် ဩစတြေးလျားသို့ ပထမဆုံးအကြိမ် ရောက်လာပြီးနောက် ဘဏ်စာရင်းဖွင့်ရန် လိုအပ်ပါလိမ့်မည်။




သင် ဘဏ်ကို ရွေးချယ်နိုင်ပြီး အောက်ပါတို့မှ သင် အကူအညီ ရယူနိုင်သည်။

- အမှုတွဲလုပ်သား



- သင့်အား အဆိုပြုသူ




ဘဏ်ကို သင်ပေးရန် လိုအပ်လိမ့်မည်တို့မှာ၊


- နိုင်ငံကူးလက်မှတ် သို့မဟုတ် ခရီးသွားလက်မှတ်များကဲ့သို့သော သင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံ အထောက်အထား



- သင် နေထိုင်သောနေရာ၏ လိပ်စာအသေးစိတ်




- သင်၏ အခွန် ဖိုင်နံပါတ် တို့ဖြစ်သည်



ဩစတြေးလျား၌ရှိသော လူအမြောက်အမြား အသုံးပြုကြသည်မှာ၊

- အီလက်ထရွန်နစ် ဘဏ်စနစ်
- အင်တာနက် ဘဏ်စနစ်တို့ဖြစ်သည်




ဘဏ်က သင့်အား ပေးလိမ့်မည့်အရာများမှာ၊

- ဘဏ်ကတ်ပြား



- သင် ဘဏ်ကတ်ပြားကို အသုံးပြုသည့်အခါတွင် သုံးရမည့် ကိုယ်ပိုင် လျှို့ဝှက်သက်သေခံ အထောက်အထားနံပါတ် (Personal Identification Number - PIN) တို့ဖြစ်သည်




သင်၏ ကိုယ်ပိုင် လျှို့ဝှက်သက်သေခံ အထောက်အထားနံပါတ် နံပါတ်အား မည်သူကိုမျှ မပြောပြဘဲ လျှို့ဝှက်ထားသင့်သည်။




သင့်အနေနှင့် ဘဏ်ကို တတ်နိုင်သမျှ အဆောလျင်ဆုံး အကြောင်းကြားရမည့် အခြေအနေမှာ၊ အကယ်၍သင့် ဘဏ်ကတ်ပြား

- ပျောက်ဆုံးခဲ့လျှင်
- အခိုးခံရလျှင် တို့ဖြစ်သည်



သင် ကတ်ပြားကို လိုအပ်သည့် အခိုက်မျိုးမှာ၊

- ငွေသွင်းသောအခါ



- ငွေထုတ်သောအခါ တို့ဖြစ်သည်



သင် ကတ်ပြားကို အသုံးပြုနိုင်သောနေရာများမှာ၊

- အလိုအလျောက် ငွေထုတ်ငွေသွင်းစက်များ (Automatic Teller Machines - ATMs)




- ဘဏ်များ




- ဆိုင်များတို့ဖြစ်သည်

## ရငွေ၊ သုံးငွေအား တွက်ချက်လျာထားခြင်း




ဩစတြေးလျား၌ နေထိုင်ရာတွင် စျေးအလွန်ကြီးနိုင်သည်။




အောက်ပါကဲ့သို့သော ကျသင့်ငွေ တောင်းခံလွှာများအား ပေးချေရန်အတွက် လိုအပ်ရာ၌ ငွေအမြောက်အမြား ကုန်ကျနိုင်သည်

- အိမ်လခ



- အစားအစာ




- ဝန်ဆောင်မှုများ

  - ရေ
  - ဓာတ်ငွေ့
  - လျှပ်စစ်မီး
  - တယ်လီဖုန်း တို့ဖြစ်သည်




သင် ပထမဦးဆုံးအကြိမ် ဩစတြေးလျားတွင် အခြေချသောအခါ၌ ကျသင့်ငွေ တောင်းခံလွှာများအား ပေးချေရန်အတွက် ငွေအမြောက်အမြား ကုန်ကျနိုင်ဖွယ်ရှိမည်။




သင် ဩစတြေးလျားတွင် အခြေချသောအခါ၌ ဖြစ်နိုင်ဖွယ်ရှိမည်မှာ၊



- သင် ယခင်က ရှိခဲ့ဘူးသော ဝင်ငွေထက် ပိုများနိုင်မည် သို့မဟုတ် ၎င်းအောက် လျော့နည်းနိုင်မည်




- သင် ယခင်က ရှိခဲ့ဘူးသော ကျသင့်ငွေ တောင်းခံလွှာများထက် ပိုများနိုင်မည်




သင် လုပ်ကောင်းလုပ်ရန် လိုအပ်နိုင်မည်မှာ၊

- သင် ငွေသုံးစွဲနည်းကို ပြောင်းလဲရလိမ့်မည်
- သင့်ဘဝအသစ်တွင် ဆီလျော်မှုရှိမည့် ရငွေ၊ သုံးငွေအား တွက်ချက်လျာထားခြင်းကို ရေးဆွဲရလိမ့်မည်



ရငွေ၊ သုံးငွေအား တွက်ချက်လျာထားမှုကို
ရေးဆွဲထားခြင်းအားဖြင့် သင့်အား
အထောက်အကူပြုလိမ့်မည်မှာ၊ ငွေမည်မျှ

- သင့်ထံ၌ ရှိသည်



- သင် သုံးနိုင်သည်



- သင် စုနိုင်သည်တို့ကို သိရမည်




အချို့သော အကျင့်ကောင်းများအား သင်
လေ့လာတတ်မြောက်နိုင်သည်တို့မှာ၊

- ရငွေ၊ သုံးငွေအား တွက်ချက်လျာထားမှုကို ရေးဆွဲခြင်းအားဖြင့် သင် ငွေမည်မျှ လိုအပ်သည် နှင့် မည်သည့်အခါတွင် လိုအပ်မည်တို့ကို သင်သိမည်




- ပြေစာများကို သိမ်းထားခြင်းအားဖြင့် သင် မည်မျှ သုံးစွဲနေသည်ကို သင် သိမည်




- သင့် ဘဏ်စာရင်းနှင့် စပ်ဆိုင်ရာ စည်းကမ်းများကို သိ၍ လိုက်နာခြင်းအားဖြင့် သင် အပိုဆောင်း အခကြေးများ ပေးရန်မလိုတော့ပေ





- သင် သုံးစွဲခဲ့သော ငွေကို ပြန်ဆပ်ရန် တတ်နိုင်သည်ကို သင် မသိသမျှ ကာလပတ်လုံး၊ အကြွေး သို့မဟုတ် အကြွေးကတ်ပြားများကို အသုံးမပြုခြင်း



- ပစ္စည်းများကို ပထမ စတွေ့တွေ့ချင်း ဝယ်ရန် မကြိုးစားပါနှင့်၊ ၎င်းတို့ကို သင် တကယ်ပင် လိုအပ်သလားကို စဉ်းစားပါ



- အင်တာနက် သို့မဟုတ် မိုဘိုင်းဖုန်း အသုံးပြုမှုကို သတိထားနေပါ၊ ၎င်းတို့မှာ အလွန်ကုန်ကျနိုင်သည်




- သင့် ဘဏ်စာရင်းတွင်ရှိသော ငွေကို အစဉ်တစိုက် စောင့်ကြည့်နေရန် တယ်လီဖုန်း သို့မဟုတ် အင်တာနက် ဘဏ်ပေးငွေစနစ်ကို သုံးပါ




သင်၏ ကျသင့်ငွေ တောင်းခံလွှာများကို အချိန်မီပေးရန် အရေးကြီးသည်။




အကယ်၍သင်သည် အခွန်များ နှင့် သင်၏ ကျသင့်ငွေပေးလွှာများကို အချိန်မီပေးဆောင်ခဲ့လျှင် သင့်ထံ၌ ဩစတြေးလျားဆိုင်ရာ ကြွေးမြီ မှတ်တမ်းကောင်းရှိပါလိမ့်မည်။



သင့်အနေနှင့် ငွေချေးရန် တစ်နည်းအားဖြင့်၊ အကြွေးယူရန်အတွက် ကြွေးမြီ မှတ်တမ်းကောင်းရှိရန် လိုအပ်သည်။



သင်သည် ကားဝယ်ရေးအတွက် သို့မဟုတ် အိမ်ဝယ်ရေးအတွက် အကြွေးယူရန် လိုအပ်ကောင်းလိုအပ်နိုင်ပေမည်။



အိမ်ဝယ်ရန်ယူရသည့် ချေးငွေကို အပေါင်ခံ ဟုခေါ်သည်။

## ကျသင့်ငွေ တောင်းခံလွှာများကို ပေးဆောင်ခြင်း




သင့်အား အိမ်အသုံးအဆောင် ဝန်ဆောင်မှုများကိုပေးသော ကုမ္ပဏီများက သင့်အား ကျသင့်ငွေပေးလွှာများကို ပုံမှန် ပို့ပေးပါလိမ့်မည်။




သင့် အိမ်အသုံးအဆောင် ဝန်ဆောင်မှုများတွင်

- ရေ
- ဓာတ်ငွေ့
- လျှပ်စစ်မီး
- တယ်လီဖုန်း တို့ပါဝင်သည်။




သင်၏ ကျသင့်ငွေပေးလွှာများတွင် သင် ငွေပေးချေရမည့်ရက်စွဲ ပါရှိပါလိမ့်မည်။



သင်၏ ကျသင့်ငွေပေးလွှာများကို အချိန်မီပေးရန် အရေးကြီးသည်။



အကယ်၍သင် ကျသင့်ငွေပေးလွှာများကို မပေးချေပါက၊

- သင့် အိမ်အသုံးအဆောင် ဝန်ဆောင်မှုအား ဖြတ်တောက်ခံရလိမ့်မည်
- နောက်ကျကြေးပေးဆောင်ရလိမ့်မည်




ကျသင့်ငွေပေးလွှာများ၏ အများစုကို ပေးချေနိုင်ရာ နေရာများမှာ၊

- စာတိုက်များ၌



- ကုမ္ပဏီ၏ ရုံး သို့မဟုတ် ဆိုင်



- တယ်လီဖုန်း သို့မဟုတ် အင်တာနက် ဘက်ငွေပေးငွေစနစ်အရ တို့ဖြစ်သည်



သင် အိမ်အသစ်တစ်ခုသို့ ပြောင်းရွှေ့လျှင်၊ သင်လုပ်ရန် လိုအပ်မည်မှာ၊

- သင့်အိမ်အဟောင်း၌ အိမ်အသုံးအဆောင် ဝန်ဆောင်မှုများကို ဖြတ်တောက်ခြင်း



- သင့်အိမ်အသစ်၌ အိမ်အသုံးအဆောင် ဝန်ဆောင်မှုများကို ချိတ်ဆက်ခြင်း တို့ဖြစ်သည်

## ဈေးဝယ်ခြင်း




ဩစတြေးလျားဆိုင်များ၌ရှိသော ရောင်းရန်ပစ္စည်းများအား သင် ပေးသင့်သော သတ်မှတ်ထားပြီးသားဈေးနှုန်းရှိသည်။

သင်သည် သူတို့၏ သတ်မှတ်ထားဈေးနှုန်းကို ပေးရန်လိုအပ်သည်။




ဈေးလျှော့ရရန် ကြိုးစားသည့်အနေနှင့် ဈေးဆစ်ခြင်းမှာ လုပ်ရိုးလုပ်စဉ်မဟုတ်ပါ။



အကယ်၍သင်သည် ကားကဲ့သို့ ကြီးမားသည့် အရာကို ဝယ်လျှင် ဈေးဆစ်နိုင်ဖွယ်ရှိမည်။



အချို့ဆိုင်များသည် ကြီးမားသည့် အရာများကို ဝယ်လျှင် သင့်အား ဈေးလျှော့ပေးလိမ့်မည်အခါမျိုးမှာ အကယ်၍သင်သည်

- လက်ငင်း ငွေသားပေးဝယ်လျှင်



- တစ်ခုထက် ပိုဝယ်လျှင်တို့ဖြစ်သည်



ဩစတြေးလျားလူမျိုးများသည် ပစ္စည်းဝယ်ကြသည့်အခါ၌ တန်းစီစောင့်ကြသည်



တန်းစီစောင့်နေကြသူများရှေ့မှ ဖြတ်ကျော်ဝင်ခြင်းမှာ ရိုင်းပြသည်။



တစ်ခါတစ်ရံ၌ သင်သည် စက်တစ်ခုမှ ထုတ်ပေးသည့်လက်မှတ်ကိုယူရန် လိုအပ်ပြီး၊ သင့်အလှည့်ရောက်သည်အထိ စောင့်ရန် လိုအပ်သည်။

# အစားအစာ



မြို့ကြီးနှင့် မြို့ငယ်တိုင်း၌ ကွဲပြားခြားနားသောဆိုင်များရှိပြီး၊
၎င်းတွင် ဝယ်နိုင်သည်များမှာ၊

- အစားအစာ



- အဝတ်အစားများ



- သင် နေ့စဉ်လိုအပ်သောပစ္စည်းများ တို့ဖြစ်သည်



ကမ္ဘာအရပ်ရပ်မှ အစားအစာများကို
ကုန်ပဒေသာဆိုင်ကြီးများတွင် သင် ဝယ်ယူနိုင်သည်။



မြို့ကြီးများအများစု၌ ဈေးများရှိကြပြီး သင်သည် ၎င်းတွင်
ဝယ်နိုင်သော လတ်လတ်ဆတ်ဆတ်ပစ္စည်းများမှာ၊

- သစ်သီးဝလံ



- ဟင်းသီးဟင်းရွက်



- အသား



- ငါးတို့ဖြစ်သည်



ဈေးနှုန်းများမှာ ဈေးများ၌ အများအားဖြင့် ပိုနည်းသည်။

## ပြင်ပ၌ စားသောက်ခြင်း





သင်သည် ကျွမ်းအရပ်ရပ်မှ အစားအစာများကို စားသောက်နိုင်သောနေရာများမှာ၊

- စားသောက်ဆိုင်များ



- ကဖီးဆိုင်များ၌ဖြစ်သည်။



ချက်ပြုတ်ပြီးသား၊ အသင့်စားနိုင်သော အစားအစာများဖြစ်သည့် "ဝယ်ပြီး ထုပ်ယူသွားနိုင်သော စားဖွယ်" သို့မဟုတ် "အမြန်ပြင်ပေးသော အစားအစာ" ပေါင်းစုံ အမြောက်အမြားကိုလည်း သင် ဝယ်ယူနိုင်သည်။



ဩစတြေးလျား၌ရှိသော စားသောက်ဆိုင်များတွင် စားသောက်လျှင် ဈေးအလွန်ကြီးနိုင်သည်။



အိမ်၌ ချက်ပြုတ်စားလျှင် အကုန်အကျသက်သာသည်။

## အဝတ်အစားများ





ဩစတြေးလျား၌ သင် ကြိုက်နှစ်သက်ရာ မည်သည့် အဝတ်အစားမျိုးကိုမဆို ဝတ်ဆင်နိုင်သည်။

လူများစုသည် အနောက်တိုင်းပုံစံ အဝတ်အစားများကို ဝတ်ကြသည်။

သင် ရွေးချယ်နိုင်သော အဝတ်အစားများမှာ သင် တန်ဖိုးထားသော

- ယဉ်ကျေးမှုနှင့်
- ဘာသာတရားအရတို့ဖြစ်သည်

## အဝတ်အစားများ ဝယ်ခြင်း



အဝတ်များ နှင့် ဖိနပ်များကို သင်

- စတိုးဆိုင်ကြီးများ




- ဆိုင်အငယ်စားများတို့မှဖြစ်သည်



အဝတ်အစားများ၏ တန်ဖိုးက မူတည်သည်မှာ၊

- ပုံစံ
- အရည်အသွေး
- တံဆိပ်အမည်တို့ဖြစ်သည်



တစ်ပတ်ရစ် အဝတ်များ နှင့် ဖိနပ်များကို ဝယ်နိုင်သော ဆိုင်များရှိသည်။ ၎င်းတို့သည်

- သန့်ရှင်းသည်
- အရည်အသွေး ကောင်းသည်
- ဈေးပေါသည်၊ တန်ဖိုးမကြီးပါ



ဤဆိုင်များကို လူမှုအဖွဲ့အစည်းအား ကူညီပံ့ပိုးပေးလိုကြသူများက စီမံခန့်ခွဲကြသည်။



ဆိုင်အများစု၌ သင် အဝတ်များအား စမ်းဝတ်ပြီး မိမိကိုယ်နှင့် တော်၊မတော်ကို စစ်ကြည့်နိုင်သော အခန်းငယ်များရှိသည်။

## ကျောင်းဝတ်စုံများ



ကျောင်းအများစု၌ ကလေးများအနေနှင့် ဝတ်ဆင်ရန် လိုအပ်သော ကျောင်းဝတ်စုံများရှိသည်။




ကျောင်းဝတ်စုံများအား သင် ဝယ်နိုင်သည်မှာ


- ကျောင်း၌ဖြစ်သည်





- အချို့သောဆိုင်များသာဖြစ်ပြီး၊ မည်သည့်ဆိုင်များဖြစ်ကြောင်းကို ကျောင်းက သင့်အားပြောလိမ့်မည်



မူလတန်းကျောင်းအများစု၌ ကလေးများ ပြင်ပတွင်ရှိနေစဉ် ဦးထုပ်များကို ဆောင်းရန်လိုအပ်သည်ဟူသော စည်းကမ်းများရှိကြသည်။



ဦးထုပ်များသည် ကလေးများအား နေအပူဒဏ်မှ ကာကွယ်ပေးသည်။



ဩစတြေးလျားတွင် နေအလွန်ပူပြင်းပြီး၊ သင့်အသားအရေအား လောင်ကျွမ်းနိုင်စေသည်။

Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏ ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း မှ ပို့ချပေးသည်။

IOM • OIM